TUESDAY, 25 - 31 OCTOBER, 2016
THE FLOWER NEWS
China • YUNNAN
အရေးကြီးသတင်း A
Yunnan Daily Press Group THE FLOWER NEWS

# အောက်တိုဘာလမှစ၍ တရုတ်ယွမ်ငွေသည်SDRထဲ တရားဝင် ပါဝင်

အောက်တိုဘာလ၁ရက်တွင် နိုင်ငံကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) အထူးငွေထုတ်ခွင့် (SDR)၏ ငွေကြေးခြင်းသစ်မှာတရားဝင်အကျိုး သက်ရောက်မည်ဖြစ်သည်။ တရုတ်ယွမ်ငွေကလည်း ယင်းနေ့မှစ၍ SDRထဲသို့ တရားဝင်ပါဝင်မည်ဖြစ်သည်။

တရုတ်ယွမ်ငွေ SDRထဲသို့ ပါဝင်ခြင်းသည် တရုတ်နိုင်ငံမှ ကမ္ဘာ့ငွေကြေးအသိုက်အဝန်းထဲသို့ ပေါင်းစည်းပါဝင်ရန်အရေးပါလှသော မှတ်တိုင်လည်းဖြစ်၊ တရုတ်ယွမ်ငွေ ဂလိုဘယ်လိုက်ဖေးရှင်းအတွက်သစ်လွင်သော ဖွံ့ဖြိုးတိုးတက်ရန်စမှတ်သစ်လည်းဖြစ်သည်။ ဤအချိန်မှစ၍ IMFအဖွဲ့ဝင်နိုင်ငံများသည် တရုတ်ယွမ်ငွေခနဝတ္တုများကို ကိုင်ဆောင်၍ နိုင်ငံတကာ ငွေပေးချေရန် လိုအပ်ချက်ကို အချိန်မရွေး ရောင့်ရဲပေးနိုင်တော့မှာဖြစ်သည်။

သို့သော်လောကပိုင်းမှ သက်ဆိုင်ရာပုဂ္ဂိုလ်များက တရုတ်ယွမ်ငွေမှ SDRထဲသို့ ပါဝင်သည်မှာ ခနဝတ္တုစီစဉ်ထားမှုအတွက် ကြီးမားစွာပြောင်းလဲမှုများ ချက်ချင်းပေါ်လာနိုင်မှာ မဟုတ်ပါကြောင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများကတရုတ်ယွမ်ငွေခနဝတ္တုများကိုတိုးမြှင့်၍ ကိုင်/မကိုင်သည်မှာ ရင်းနှီးမြှုပ်နှံရန် ကိရိယာကြွယ်/မကြွယ်၊ ဈေးကွက်၏ တံခါးဖွင့်မှုအဆင့်အတန်း၊ အခြေခံအဆောက်အအုံတည်ဆောက်ရေး အခြေအနေပြည့်စုံကုံလုံမှုရှိ/မရှိစသည့် အကြောင်းအရင်းများပေါ်တွင် မူတည်လျက်ရှိကြောင်း ဖော်ပြထားသည်။

## နိုင်ငံရပ်ခြားအသံများ

အင်ဒိုနီးရှားနိုင်ငံအစိုးရပိုင်လုပ်ငန်းများဝန်ကြီးဌာနဝန်ကြီး၏ အထူးအကြံပေးဆာဟာလာက တရုတ်ယွမ်ငွေSDRထဲပါဝင်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံအတွက် တက်ကြွစွာ ဩဇာလွှမ်းမိုးနိုင်မှာဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၏ အဓိကတင်ပို့ရန် နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့်အကယ်၍ အင်ဒိုနီးရှားနှင့် တရုတ်နှစ်နိုင်ငံတို့မှ ကုန်သွယ်ရာတွင် တရုတ်ယွမ်ငွေဖြင့် အင်ဒိုနီးရှားရူပီးယားငွေကို လဲလှယ်ရန် အကောင်အထည်ဖော်ဆောင်နိုင်ပါက အမေရိကန်ဒေါ်လာလဲလှယ်ရန် အကုန်အကျနှင့် စွန့်စားမှုများကို ရှောင်ကြဉ်နိုင်မှာ ဖြစ်ကြောင်း၊ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" တိုက်တွန်းချက်သည် တရုတ်ယွမ်ငွေကို ဂလိုဘယ်လိုက်ဖေးရှင်းစနစ်ဖြင့်နက်ရှိုင်းစွာ တိုးတက်ရေးအတွက် မြေဩဇာထက်သန်သော "မြေဆီလွှာ" ထောက်ပံ့ပေးနိုင်ကြောင်း ယူဆထားသည်။

ဘယ်လ်ဂျီယံနိုင်ငံလူဝမ်တက္ကသိုလ်စီးပွားရေးဗေဒပါမောက္ခလော်ခ်. တီစ်ကတရုတ်ယွမ်ငွေမှ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ SDRထဲ့သို့ တရားဝင်ပါဝင်လာခြင်းသည် နိုင်ငံတကာမှ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တရုတ်ယွမ်ငွေ ဂလိုဘယ်လိုက်ဖေးရှင်းအတွက် အသိအမှတ်ပြု ပေးသည်ကို သက်သေပြနိုင်ကြောင်း၊ တရုတ်ယွမ်ငွေမှ SDRထဲသို့ ပါဝင်လာခြင်းသည် နိုင်ငံတကာမှ တရုတ်ယွမ်ငွေအပေါ် အသိအမှတ်ပြုရန် အဆင့်အတန်း မြှင့်တင်ပေးနိုင်မည် ဖြစ်ပြီး ပိုမိုများပြားသော စီးပွားရေးလုပ်ငန်းများက နိုင်ငံတကာတွင် စာရင်းရှင်းတွက်ချက်စဉ် တရုတ်ယွမ်ငွေကို အသုံးပြုရ ခြင်းသည် "ယုံ-ကြည်ချက်အာမခံ" ဖြစ်လာနိုင်မှာဖြစ်ကြောင်း ပြောသည်။

အမေရိကန်နိုင်ငံဘူလူကျင်စ်ပညာရှင်များအသင်းမှ အဆင့်မြင့်သုတေသီတုတာ့ဝေက တရုတ်ယွမ်ငွေမှ SDRထဲသို့ ပါဝင်လာခြင်းသည် ကမ္ဘာ့စီးပွားရေးပြောင်းလဲမှုမှ ဖြစ်ပေါ်လာသော အရေးကြီးသည့်အချက်ပေးမှုတစ်ရပ်ဖြစ်ကြောင်း၊ တရုတ်ယွမ်ငွေ SDR ထဲသို့ပါဝင်လာခြင်းသည်တရုတ်နိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးပြုနိုင်ကြောင်း၊ တရုတ်နိုင်ငံသည် ဈေးကွက်ငွေလဲနှုန်းစနစ်နှင့် ခနဝတ္တုဈေးကွက်တံခါးဖွင့်မှုကဲ့သို့သော ပြည်တွင်းငွေကြေးဈေးကွက် ပြုပြင်ပြောင်းလဲမှုမူဝါဒများကို ဆက်လက်ကျင့်သုံးသွားခြင်းသည်တရုတ်နိုင်ငံ၏စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတို့၏ တိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်းပြောသည်။

လန်ဒန်ငွေကြေးမြို့တော် အစိုးရပိုင်းပေါ်လစီနှင့် အရင်းအမြစ်ရေးရာကော်မတီဥက္ကဋ္ဌပေါင်မော်ခိုင်က ယခုနှစ်ပိုင်းအတွင်း တရုတ်ယွမ်ငွေမှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် နယ်ပယ်များတွင်ပါဝင်ခဲ့သည့် အခန်းကြီးလေးသထက်ကြီးလေးလာသည်နှင့်အမျှ စင်စစ်သော်ငရင်းသည် နိုင်ငံတကာငွေကြေးစနစ်နှင့် ပေါင်းစည်းလျက်ရှိကြောင်း၊ IMFသည် တရုတ်ယွမ်ငွေအား SDRအဖြစ်သတ်မှတ်ထားခြင်းသည် နိုင်ငံတကာမှတရုတ်ယွမ်ငွေကို ကျယ်ပြန့်စွာ အသုံးပြုခြင်း၏ ယုံကြည်စိတ်ကို မြှင့်တင်စေခြင်းဖြစ်ကြောင်း၊ နိုင်ငံအသီးသီးတို့မှ ဗဟိုဘဏ်များအား ပိုမိုများပြားသော တရုတ်ယွမ်ငွေကို နိုင်ငံခြားသိုလှောင်ငွေအဖြစ် ကိုင်ဆောင်နိုင်ရန် ထောက်ခံအားပေးခြင်းအားဖြင့်တရုတ်ယွမ်ငွေ ခနဝတ္တုများအပေါ် လိုအပ်ချက်မြှင့်တင်ပေးခြင်း ဖြစ်ကြောင်းပြောသည်။

ဆင်ဟွာသတင်းဌာနသတင်းထောက်
- ယိုကျီရှင်

## ယူနန်ဆောက်လုပ်ရေးရင်းနှီးမြှုပ်နှံမှုကုမ္ပဏီနိုင်ငံတကာရေးရာဌာနခွဲ မြန်မာနိုင်ငံတွင် "အရည်အသွေးလ" လှုပ်ရှားမှုကျင်းပ



စက်တင်ဘာလတွင်ယူနန်ပြည်နယ်ဆောက်အလုပ်ရေးရင်းနှီးမြှုပ်နှံမှု အစုရှယ်ယာထိန်းချုပ်ရေး အုပ်စုကုမ္ပဏီလီမိတက် နိုင်ငံတကာရေးရာဌာနခွဲမှမြန်မာနိုင်ငံဌာနေ မန်နေဂျာရုံးသည် မြန်မာနိုင်ငံမော်လမြိုင် ဘီလပ်မြေစက်ရုံစီမံကိန်းရုံးတွင်ဒေသတွင်းဆိုင်ရာ "အရည်အသွေးလ" လှုပ်ရှားမှုကျင်းပခဲ့သည်။

ယခုအကြိမ် "အရည်အသွေးလ" လှုပ်ရှားမှုကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ ယူနန်ဆောက်လုပ်ရေး ရင်းနှီးမြှုပ်နှံမှု အုပ်စုကုမ္ပဏီနိုင်ငံတကာ ရေးရာဌာနခွဲရုံးချုပ်၏ "ထောက်ပံ့မှုအရည်အသွေးကို မြှင့်တင်၍ အရည်အသွေးမြင့် အင်အားကြီးနိုင်ငံကို တည်ဆောက်စို့" ဟူသော တိုက်တွန်းချက်ကို တက်ကြွစွာတုံ့ပြန်ပေး၍ ပထမတန်းစားအရည်အသွေး၊ ပထမတန်းစားအမှတ်တံဆိပ်၊ ပထမတန်းစားလုပ်ငန်းအဖြစ် တည်ဆောက်သွားရန် ရည်မှန်းချက် အကောင်အထည် ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ လှုပ်ရှားမှုတွင် ပူးတွဲလှည့်လည် စစ်ဆေးရေးလုပ်ငန်းကို ဒေသတွင်း "အရည်အသွေးလ"လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားမှ အရေးပါသော အကြောင်းအရာအဖြစ်ထားပြီး ဌာနရှိဝန်ထမ်းအားလုံးတို့က တက်ကြွစွာပါဝင်ရန်၊ တက်ကြွစွာသင်ယူရန် တောင်းဆိုကာ လုပ်ငန်းခွင်ရှိအစုအဖွဲ့များအနေနှင့် အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံး၍ အရည်အသွေးတာဝန်စနစ်ကို အစုအဖွဲ့များတွင် လက်တွေ့ဖော်ဆောင်ပြီး တစ်ဦးချင်း တာဝန်ခံနိုင်ရန် တောင်းဆိုထားကြောင်း၊ အရည်အသွေးကို လူတိုင်းဂရုပြုသော၊ အရည်အသွေးကို လူတိုင်းအလေးထားသော လုပ်ငန်းပတ်ဝန်းကျင် ဖန်တီးသွားမည်ဖြစ်ကြောင်း သတင်းအရသိရသည်။

သတင်းထောက် - ကျန်ရှော့ဂူ

## ကူမင်းမြို့တွင် ကျားပျံအဖွဲ့ဝင်များ၏ နောင်လာနောင်သားများအတွက် ကလပ်ဖွင့်လှစ်

အောက်တိုဘာလ ၁၀ ရက်နေ့တွင် "ကူမင်းမြို့ ကျားပျံအဖွဲ့ဝင်များ၏ နောင်လာနောင်သားများကလပ်"ကို ချွေဟူကန်တော်ကြီးကမ်းနားရှိ ကျိရိန်စားသောက်ဆိုင်တွင် ဖွင့်လှစ်ခဲ့သည်။ ကျားပျံအဖွဲ့ဝင်များ၏ နောင်လာနောင်သား(၅၀)ကျော်သည် ဖိတ်ကြားချက်အရဖွင့်ပွဲအခမ်းအနားသို့တက် ရောက်ခဲ့ကြသည်။



ကျားပျံအဖွဲ့ဝင်၏နောင်လာနောင်သားဖြစ်သူ၊ ကျိရိန်စားသောက်ဆိုင်အထွေထွေမန်နေဂျာ၊ မဒမ်ဟွမ်ကျိမင်း၏ ဖခင်ဖြစ်သူ ဟွမ်ထင်ရော့သည် ဒုတိယကမ္ဘာစစ် အတွင်းဗိုလ်ချုပ်ချိန်နာတယ်၏ လိုက်ပါသူဘာသာပြန်အဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။ ကလပ်ဖွင့်လှစ်ပြီးသည့်နောက် အပတ်စဉ်တနင်္လာနေ့ ၁၄း၀၀နာရီမှ ၁၇း၀၀နာရီအထိ ကျားပျံအဖွဲ့ဝင်၏ နောင်လာနောင်သားများအတွက် အခမဲ့ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ ရှာဖွေလည်ပတ်ရန် ခရီးဖြင့်ကူမင်းမြို့သို့ရောက် လာကြသောကျားပျံအဖွဲ့ဝင်များ၏ နောင်လာနောင်သားများကို အခမဲ့ဧည့်ခံသွားမည်ဖြစ်ကြောင်း မဒမ်ဟွမ်က ပြောသည်။

ကူမင်းကျားပျံအဖွဲ့ဝင်များ၏ နောင်လာနောင်သားများက လပ်ဖွင့်လှစ်ရန်အတွက်ယူနန်ကျားပျံအဖွဲ့ သုတေသနအသင်း၊ ယူနန်အနောက်ပိုင်း ဂျပန်ခုခံရေး စစ်ပွဲသုတေသန အသင်းစသည့် ဌာနများနှင့်ကျားပျံအဖွဲ့ဝင်များ၏နောင်လာနောင်သားအချို့တို့က ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရှိရသည်။

သတင်းထောက် - လုံကျိုး

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn